United Nations Nations Unies

Office of the Resident and Humanitarian Coordinator, Republic of the Union of Myanmar

**မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ဌာနေကိုယ်စားလှယ်နှင့် လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူး ခနွတ်အော့ဒ်စဘီ၏ ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှု ဆယ်နှစ်ပြည့်သည့်နေ့အတွက် ထုတ်ပြန်ချက်**

(ရန်ကုန်၊ ၂၀၁၈ ခုနှစ် မေလ ၂ ရက်) – "လွန်ခဲ့သည့် ဆယ်နှစ်အချိန်ယနေ့တွင် မြန်မာနိုင်ငံသည် နိုင်ငံ၏ သမိုင်း၌ အဆိုးရွား၊ အပြင်းထန်ဆုံးသော ဆိုင်ကလုန်းမုန်တိုင်း နာဂစ်ကြောင့် ထိခိုက်ပျက်စီးမှုများ ကြီးမားစွာ ခံစားခဲ့ရ ပါသည်။ ၂၀၀၈ ခုနှစ် မေလ ၂ ရက်နေ့ တွင် လေတိုက်နှုန်း တစ်နာရီလျှင် ကီလိုမီတာ ၂၀၀ ကျော်အထိရှိခဲ့ပြီး၊ မိုးများ သည်း ထန်စွာ ရွာသွန်းမှုနှင့်အတူ အချို့နေရာများတွင် မုန်တိုင်း ဒီရေမှာ ၁၂ မီတာ အထိ မြင့်တက်စေခဲ့သော ဆိုင်ကလုန်း မုန်တိုင်းမှာ ဧရာဝတီတိုင်းဒေသကြီးရှိ ဟိုင်းကြီးကျွန်းမြို့နယ်အနီးမှ မြန်မာနိုင်ငံ ကုန်းတွင်းပိုင်း သို့ ဝင်ရောက်ခဲ့ ပါသည်။ ဆိုင်ကလုန်းမုန်တိုင်း ကြောင့် လူဦးရေ ၁၄၀,၀၀ ခန့် သေဆုံးခဲ့ရခြင်း၊ သို့မဟုတ် ပျောက်ဆုံးခြင်း တို့ရှိခဲ့ပြီး၊ ဧရာဝတီ တိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့ရှိ မြို့နယ် ၃၇ မြို့နယ်မှ လူဦးရေ ၂ .၄သန်း နီးပါးမှာ မုန်တိုင်းကြောင့် ထိခိုက်ခံစားခဲ့ရပါသည်။

မြန်မာနိုင်ငံသို့ ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့သည်မှာ ဆယ်နှစ်ပြည့်မြောက်ခဲ့သည့် ယနေ့တွင်ကျွန်တော့် အနေဖြင့် ကုလသမဂ္ဂအဖွဲ့အစည်း၏ကိုယ်စား အဆိုပါ ကြေကွဲဝမ်းနည်းဖွယ် ဘေးအန္တရာယ်ကြောင့်သေဆုံးခဲ့ရသူ များနှင့် မိသားစုဝင်များဆုံးရှုံးခဲ့ရသူများအား အောက်မေ့သတိရကြောင်းပြောကြားလိုပါသည်။ တစ်ချိန်တည်းမှာပင် မြန်မာနိုင်ငံရှိ ပြည်သူများ ခွန်အားရှိစွာ ကြံ့ကြံ့ခိုင်ရပ်တည်နိုင်မှုကိုလည်း ချီးကျူး ဂုဏ်ပြု ပြောကြား လိုပါသည်။ မြန်မာနိုင်ငံရှိ ပြည်သူလူထုမှာ ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ခဲ့ပြီးနောက် ၎င်းတို့၏ ဘဝများနှင့် ပျက်စီးသွား ခဲ့ရသော ရပ်ရွာများကို ပြန်လည်တည်ဆောက်နိုင်သည့် ခွန်အား၊ သတ္တိကို ပြသခဲ့ရုံမျှမက ၊ အဆိုပါ သဘာဝဘေး ကြုံတွေ့ခဲ့ ရသည့်အဖြစ်အပျက်မှသင်ခန်းစာယူပြီး၊ ထိုအချိန်မှစ၍ နိုင်ငံတော်အစိုးရမှ ဦးစီးဆောင်ရွက်သည့် ဘေးအန္တရာယ် လျှော့ချရေး၊ ဘေးအန္တရာယ်ကြိုတင် ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးတို့ကို တိုးမြှင့်လုပ်ဆောင်နိုင်ရန် အား ထုတ် ကြိုးပမ်း ဆောင်ရွက်မှုများတွင် ပါဝင်ခဲ့ကြပါသည်။

မြန်မာနိုင်ငံသည် အာရှတိုက်တွင်သဘာဝဘေးအန္တရာယ်ကြုံတွေ့နိုင်ခြေ အများဆုံးရှိသည့်နိုင်ငံများ အနက်မှ နိုင်ငံ တစ်နိုင်ငံအဖြစ် ဆက်လက်ရှိနေဆဲဖြစ်ပါသည်။ ထိုအချက်ကိုသိမှတ်လျက်၊ ကုလသမဂ္ဂအဖွဲ့အစည်းအနေဖြင့် ဘေး အန္တရာယ်လျှော့ချရေးနှင့် ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးတို့တွင် နိုင်ငံတော်အစိုးရနှင့် အနီးကပ်ဆက်လက် လက် တွဲဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကုလသမဂ္ဂ အဖွဲ့အစည်းမှ ကူညီ ဆောင်ရွက်ခဲ့သည့် မြေလျောင်ဘေး တုံ့ပြန်ရေး သဏ္ဍာန်တူ လေ့ကျင့်ခြင်းအစီအစဉ်မှာ ထိုဆောင်ရွက်ချက်များ၏ သာဓက တစ်ခုပင်ဖြစ်ပါသည်။

OFFICE OF THE RESIDENT AND HUMANITARIAN COORDINATOR • NO.6 NATMAUK ROAD •P.O.BOX 650 YANGON • REPUBLIC OF THE UNION OF MYANMAR
PHONE: (951) 542-911 • FAX:(951) 545-634

၂၀၀၈ ခုနှစ်တွင် ကြုံတွေ့ခဲ့ရသည့် ကပ်ဆိုးကြီးအတွင်း အသက်ဆုံးရှုံး၊ ထိခိုက်ခံစားခဲ့ရသူများအား သတိရရင်း၊ သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများကို လုပ်ဆောင်ရန် တိုင်းပြည်၏ စွမ်းရည်ကို အားကောင်းစေရေးဆောင်ရွက်ရာတွင် ကုလသမဂ္ဂအဖွဲ့အစည်းမှ မြန်မာနိုင်ငံတော်အစိုးရအား ဆက်လက်ပံ့ပိုး ကူညီဆောင်ရွက်သွားပါမည်ဟူသော ကတိကဝတ်ကို ကျွန်တော့်အနေဖြင့် ထပ်လောင်းပြောကြား လိုပါသည်။


***ထပ်မံသိရှိလိုပါက ဆက်သွယ်ရန်***

*ထက်ထက်ဦး၊ အစီရင်ခံရေးနှင့် ပြန်ကြားရေးအရာရှိ*

*လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (မြန်မာ)*

*(ooh@un.org / +၉၅ (၀) ၉၇၉ ၇၀၀ ၇၈၂၆)*

*လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံးမှ သတင်းထုတ်ပြန်ချက်များကို ရယူရန် www.reliefweb.int and www.themimu.info*